# သမတအိမ်တော်၊ ရန်ကုန်မြို့။

# ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) တချက်လွှတ်ဥပဒေ။

**(၁၉၄၉ ခုနှစ်၊ တချက်လွှတ်ဥပဒေ အမှတ် ၃။)**

**(၁၃၁၁ ခု၊ တန်ခူးလဆုတ် ၁၄ ရက်။)**

**(၁၉၄၉ ခု၊ ဧပြီလ ၂၆ ရက်။)**

အစိုးရပိုင်၊ သို့တည်းမဟုတ် ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့်ရှိသူပိုင် လက်နက် ခဲယမ်းမီးကျောက်များနှင့် ပတ်သက်၍ ကျူးလွန်သည့် အချို့သောပြစ်မှုများအတွက်၊ လုံလောက်သော ပြစ်ဒဏ်ကို ပြဋ္ဌာန်းရန်အလို့ငှါ၊ ချက်ခြင်းအရေးယူဆောင်ရွက်ရန် လိုအပ်သောကိစ္စများ ပေါ်ပေါက်လာ သည်ဟု နိုင်ငံတော်သမတက ယူဆသည်ဖြစ်သောကြောင့်၊

နိုင်ငံတော်သမတသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁၀၊ ပုဒ်မခွဲ (၁) အရ၊ အောက်ပါ တချက်လွှတ်ဥပဒေကို ထုတ်ပြန်ကြေညာလိုက်သည်။

၁။ ။ ဤတချက်လွှတ်ဥပဒေကို၊ **၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) တချက်လွှတ် ဥပဒေ**ဟု ခေါ်ရမည်။

၂။ ။ (၁) တည်ဆဲဖြစ်သော အခြားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမဆို-

(က) အစိုးရပိုင်၊ သို့တည်းမဟုတ် ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့်ရှိသူပိုင်၊ အမြောက်နှင့်ဖြစ်စေ၊ အခြားလက်နက်နှင့်ဖြစ်စေ၊ ခဲယမ်းမီးကျောက်နှင့်ဖြစ်စေ၊ စပ်လျဉ်း၍ ခိုးမှုကျူးလွန်လျှင်၊ သို့တည်း မဟုတ် ခိုးမှုကျူးလွန်ရန် ကြံစည်အားထုတ်လျှင်သော်၎င်း၊

(ခ) အစိုးရပိုင်၊ သို့တည်းမဟုတ် ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့်ရှိသူပိုင်၊ အမြောက်ကိုဖြစ်စေ၊ အခြား လက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ၊ ရောင်းချလျှင်၊ သို့တည်းမဟုတ် ရောင်းချရန်ကြံစည် အားထုတ်လျှင်သော်၎င်း၊

(ဂ) အစိုးရပိုင်၊ သို့တည်းမဟုတ် ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့်ရှိသူပိုင် အမြောက်ကိုဖြစ်စေ၊ အခြား လက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ၊ ဥပဒေအရ လက်ခံရယူပိုင်ခွင့်မရှိသူ တဦးတယောက်အားပေးအပ်လျှင်၊ သို့တည်းမဟုတ် ပေးအပ်ရန်ကြံစည်အားထုတ်လျှင်သော်၎င်း၊

ထိုသူကို သေဒဏ်ဖြစ်စေ၊ တသက်ပတ်လုံး တကျွန်းပို့ဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထက်မပိုသော အလုပ် ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ စီရင်ရမည်။

(၂) ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသော ပြစ်မှုကိုကျူးလွန်ရန် အားပေးကူညီသူ တဦးတယောက်သည်၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို စီရင်ခြင်းခံရမည်။

အမိန့်အရ၊

၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) တချက်လွှတ်ဥပဒေ။

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

ရန်ကုန်မြို့၊ ၁၃၁၁ခု၊ တန်ခူးလဆုတ် ၁၄ ရက်။

(၁၉၄၉ ခု၊ ဧပြီလ ၂၆ ရက်။)

[အမှတ် ၇၇]